သိဃ်ာဏိကာ–ရေပ်စသည် စားမိသည့်နှင့် တလိငိုပြား ခေတ်ချောက်ချား၍ ထက်ဖျားဦးနှောက် အရည် ဖောက်လျက် ဦးခေါင်းထက်မှ ဆင်းသက်အာစောက် အထက်ပေါက်ဖြင့် လျှောလျှောက်နှာဘု နှပ်အစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

လသိကာ–တရာ့ရှစ်ဆယ် ကိုယ်ဝယ်အောက်ထက် အရိုးဆက်တည် နယ်ဆီအတု ပြစ်ချွဲသောအစေးအစုသည်။ အတ္ထိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည် တကား။

---

နှပ်။ ။ဦးနှောက်မှ ယိုစီးလာသော မသန့်ရှင်းသောအရည်အရွဲကို "နှပ်"ဟု ခေါ်၏၊ ဤနှပ်သည်လည်း အမြဲတည်ရှိသော ကောဋ္ဌာသ မဟုတ်၊ ငိုသောအခါဖြစ်စေ မသင့်သောအစာ မသင့်သော ဥတုကြောင့် ခေတ် ၄-ပါးတို့ချောက်ချား ပျက်ပြားသောအခါဖြစ်စေ ဦးခေါင်း အတွင်းမှဦးနှောက်သည် သလိပ်ပုပ်အဖြစ်ဖြင့် ယိုစီးကာ အာခေါင်အထက်ပေါက်မှ နှာခေါင်းသို့ သက်လျှော၍ နှာခေါင်းဘူ၌တန့်ရပ်၍သော်လည်းနေ၏၊နှာခေါင်းဘူမှ ယိုစီး၍သော်လည်းကျလာ၏၊ ထိုနှပ်ကို ကမ္မဋ္ဌာန်းရှုသူကား နှာခေါင်းဘူ၌ ပြည့်နေသောနှပ်ကို မှန်း၍ ကမ္မဋ္ဌာန်း ရှုရသည်။

**အစေး။** ။တရာ့ရှစ်ဆယ်သော အရိုးတို့၏ တခုနှင့် တခုအဆက်အစပ်၌ ခြေနယ်ဆီကဲ့သို့ တည်ရှိသော အစေးတမျိုးတည်း၊ အဆင်းအားဖြင့် မဟာလှေကားပန်း၏